# ကြားဖြတ်လမ်းညွှန်

# COVID-19 ကာလအတွင်း လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့်စာရင်း

CHS Alliance၊ InterAction၊ IOM၊ Oxfam၊

UNFPA၊ UNHCR၊ UNICEF၊ OCHA၊ WFP၊ WHO၊

UN Victims’ Rights Advocate in consultation with IASC members

၂၀၂၀ ခုနှစ် ဇွန်လ

## လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့်စာရင်း

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုကို ကာကွယ်ရန်နှင့် တုန့်ပြန်ခြင်း၏ အရေးကြီးသော အစိတ်အပိုင်းများ တည်ရှိနေပြီးဖြစ်သည်ကို ပုံမှန်စစ်ဆေးရန်နှင့် ကူးစက်ရောဂါကြောင့် သိသာစွာထိခိုက်မှုရှိသည့် နေရာများတွင် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရန် နိုင်ငံအဆင့်အစီအမံတစ်ခုကို ရေးဆွဲသင့်ပါသည်။ အတည်ပြုရန်နှင့် ဖြေရှင်းဆောင်ရွက်ရန်အတွက် အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုကိုကာကွယ်ခြင်း (PSEA) နှင့် ပတ်သက်သည့် ရှင်းလင်းပြီး တသမတ်တည်းဖြစ်သော၊ လက်လှမ်းမီနိုင်သော၊ အခြေအနေပေါ်မူတည်သည့် သတင်းများကို ပြုစု၍ ဖြန့်ဝေသည့်နေရာများအားလုံးတွင် ပုံမှန်ဖြန့်ဝေရမည်။

- သတင်းများကည့္ဂန်ပြသင့်သည်မှာ- အကူအညီသည် အမြဲတမ်းအခမဲ့ဖြစ်ပြီး၊ အကူအညီအတွက် အလဲအလှယ်အဖြစ် လိင်ပိုင်းဆိုင်ရာနှင့် အခြားမျက်နှာသာပေးခြင်းများမရှိစေရ၊ မည်သည့်အခြေအနေ တွင်မဆို အသက်(၁၈)နှစ်အောက်ကလေးများနှင့် လိင်ဆက်ဆံခြင်းသည် မဖွယ်မရာပြုမှုဖြစ်သည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့်မဖွယ်မရာပြုမှု (SEA) ကို တိုင်ကြားနိုင်သည့် နည်းလမ်းများ နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်ရမည်။
- ဆက်သွယ်ရေးနှင့် လူထုထံသို့သတင်းအချက်အလက်များဖြန့်ဝေသည့်အခါ အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်းကလေးများ၊ မသန်စွမ်းသူများနှင့် အခြားသူများအပါအဝင် အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသော လူများနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ပါ။
- လိုအပ်ပါက လူနှင့်တိုက်ရိုက်ထိတွေ့ဆက်သွယ်သည့်နည်းလမ်းများအစား အခြားနည်းလမ်းများကို အသုံးပြုရမည်။ ဥပမာ- ပိုစတာများ၊ လက်ကမ်းကြော်ငြာများ၊ ရေဒီယို၊ တယ်လီဖုန်း၊ တယ်လီဖုန်းစာသားများနှင့် လူမှုမီဒီယာ။
- COVID-19 နှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့်မဖွယ်မရာပြုမှု (SEA) ကာကွယ်ရေးနှင့် ပတ်သက်သည့် ဆက်သွယ်မှုအားလုံး တွင် သင့်လျော်သောသတင်းစကားများ (တိုင်ကြားနိုင်သည့်နည်းလမ်းများနှင့် မည်သည့်နေရာတွင် အကူအညီရရှိနိုင်သည်ဆိုသည့် အချက်အလက်များအပါအဝင်) ဖြစ်ရမည်။
- သတင်းများဖြန့်ဝေခြင်းကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရန် ဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များဝေမျှခြင်း နှင့် ရပ်ရွာနှင့်ထိတွေ့ဆက်ဆံခြင်း (RCCE-Risk Communication and Community Engagement) လုပ်ငန်းစဉ်နှင့် အခြားအဖွဲ့များမှတစ်ဆင့် ပြုလုပ်ရမည်။

၂။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့်မဖွယ်မရာပြုမှုကို တိုင်ကြားနိုင်ရန် လုံခြုံစိတ်ချရသော လက်လှမ်းမီ နိုင်သော လမ်းကြောင်းများရှိရမည်။ ဘေးဒဏ်သင့်သူများ (လိင်၊ ကျားမ၊ အသက်၊

မသန်စွမ်းမှုနှင့် အခြားမတူကွဲပြားမှုများအားလုံးပါဝင်) နှစ်သက်သည့်လမ်းကြောင်းများမှတဆင့် တိုင်ကြားနိုင်ရမည်။

- အကြံဉာဏ်နှင့်အကူအညီတောင်းခံနိုင်သောဖုန်းလိုင်းများအပါအဝင် တိုင်ကြားမှုနှင့် လွှဲပြောင်းပေးသောစနစ် များသည် ဟန်ချက်ညီ၍ လုံခြုံစိတ်ချမှုရှိရမည်။ ထို့အပြင် သီးခြား (သို့မဟုတ်) သီးသန့်ထားရှိသောလူဦးရေကို အထူးဂရုပြုပြီး ထိရောက်စွာ ဆက်လက်လည်ပတ်နေရမည်။
- လူကိုယ်တိုင်တိုင်ကြားမှုများနှင့် လွှဲပြောင်းမှုစနစ် များကို ဆိုင်းငံ့ထားပါက (သို့မဟုတ်) လက်လှမ်းမီနိုင်မှု အကန့်အသတ်ရှိပါက သက်ဆိုင်သူများ (အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ထိတွေ့ဆက်ဆံနေရသူများ) သည် တိုင်ကြားခြင်းနှင့် လွှဲပြောင်းခြင်းများ ပြုလုပ်နိုင်ရန် ဘေးဒဏ်သင့်ခံရသူများ နှစ်သက်သည့် အခြားနည်းလမ်းများကို ဖော်ထုတ်၍ ကူညီဆောင်ရွက်ပေးရမည်။
- တိုင်ကြားမှုယန္တရားများနှင့်ပတ်သတ်သော အချက်အလက်များနှင့် ၎င်းတို့၏ရပ်ရွာအတွင်း တိုင်ကြားချက် စနစ် းပြောင်းလဲမှုများနှင့်ပတ်သက်၍ ရပ်ရွာစေတနာ့ဝန်ထမ်းများအား အသိပညာပေးခြင်း ဆောင်ရွက်ရမည်။ ရပ်ရွာစေတနာ့ဝန်ထမ်းများတွင် ၎င်းတို့၏လူမှုအသိုင်းအဝိုင်းအတွင်းရှိ ထိခိုက်လွယ်သည့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အမျိုးသမီးအများစု ပါဝင်ရမည်။
- တိုင်ကြားခြင်းစနစ် များမှ ဖယ်ထုတ်ခံရနိုင်ခြေရှိသူများ (လူနည်းစုများ၊ ဌာနေတိုင်းရင်းသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ အိုးအိမ်စွန့်ခွာထွက်ပြေးရသူများ၊ ဒုက္ခသည်များ၊ မသန်စွမ်းသူများ၊ LGBTI (သို့မဟုတ်) အလွန်အမင်းဆင်းရဲနွမ်းပါးမှုဒဏ်ခံစားနေရသောလူများ) ကိုဖော်ထုတ်ပါ။

၃။ ကျား၊မအခြေပြုအကြမ်းဖက်မှု (GBV) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို လူအများကသိရှိနေရမည်။ အဆိုပါဝန်ဆောင်မှုများ လည်ပတ်နေရမည်။

- SEA သတင်းပို့ခြင်းလမ်းကြောင်းများသည် GBV နှင့် (CP) လွှဲပြောင်းမှုလမ်းကြောင်းများနှင့် ဆက်နွယ်သောကြောင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုခံရသူများနှင့် ရှင်သန်ကျန်ရစ်သူများအား ၎င်းတို့၏အသိပေးသဘောတူညီချက်[1] နှင့် GBV လမ်းညွှန်စည်းမျဉ်းများနှင့် ချဉ်းကပ်မှုများအရ အကူအညီများရရှိရန် ချက်ချင်းလွှဲပြောင်းပေးနိုင်ရမည်။
- GBV နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလွှဲပြောင်းမှုလမ်းကြောင်းများကို COVID-19 လမ်းညွှန်ချက်များနှင့် အညီပြုပြင်ပြီး လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုများကို

[1] SGB / 2003/13 နှင့်အညီ၊ ကုလသမဂ္ဂအရာရှိများသည် SEA ကိစ္စများကိုအစီရင်ခံရမည်။ သို့သော် ကျူးလွန်ခံရသူ/ရှင်သန်လွတ်မြောက်သူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များသည် ကျူးလွန်ခံရသူ/ရှင်သန်လွတ်မြောက်သူများ၏ သဘောတူညီမှုဖြင့်သာ ထည့်သွင်းဖော်ပြနိုင်သည်။

ထုတ်ဖော်ပြောကြားနိုင်သော ဆက်သွယ်ရေးလမ်းကြောင်းအသစ်များနှင့်ပတ်သက်၍ လျှို့ဝှက်ဆောင်ရွက်မှုများကို အားဖြည့်ဆောင်ရွက်ရမည်။

- အရေးကြီးသော GBV နှင့် CP ဝန်ဆောင်မှုများကို ဖွင့်လှစ်ထားရှိပြီး ရောဂါ ကာကွယ်ပေးသည့်ဝတ်စုံများ၊ ကိရိယာများနှင့် COVID-19 တုန့်ပြန်မှုအတွက် လုပ်ငန်းလည်ပတ်ရန်လိုအပ်သည့် အခြား ထောက်ပံ့ရေးပစ္စည်းများကို တပ်ဆင်ထားရမည်။

၄။ COVID-19 တုံ့ပြန်မှုဆောင်ရွက်ရာတွင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုအန္တရာယ်များကို အကဲဖြတ်ခြင်းများပြုလုပ်ပြီး လျော့ပါးစေရမည်။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးမှုကို အကောင်အထည်ဖော်မည့် ဒေသတွင်းဖြန့်ကျက်ထားသည့် မိတ်ဖက်များနှင့် ကျန်းမာရေးလုပ်သားများထံမှ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာကာကွယ်မှုသင်တန်း တက်ရောက်ပြီးစီးကြောင်း သက်သေပြရန် (လက်မှတ်ထိုးထားသည့် ကျင့်ဝတ်စည်းကမ်းများအပါအဝင်) လိုအပ်သည်။
- ဝန်ထမ်းစုဆောင်းခန့်ထားမှုနှင့်စပ်လျဉ်းသည့် ကာ ကွယ်ရေးလုပ်ငန်းစဉ်း ကို ထိန်းသိမ်းဆောင်ရွက်ရမည်။
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးတာဝန်ခံများ နှင့် အရေးပါသောဝန်ထမ်းများ အလုပ်လုပ်နေရန်နှင့် အဆက်အသွယ်များကို နောက်ဆုံးအခြေအနေနှင့်အညီမွမ်းမံမှုကို ပုံမှန်ဆောင်ရွက်ရမည်။ အကယ်၍ ထိုသို့မဆောင်ရွက်နိုင်ပါက ခန့်အပ်ထားသည့် ကိုယ်စားလှယ်တစ်ဦးအား သက်ဆိုင်ရာတာဝန်များကို ဆောင်ရွက်စေရမည်။
- SEA နှင့်သက်ဆိုင်သော အခြေခံစည်းမျဉ်း (၆) ချက်ကို ဒေသခံဘာသာစကားများသို့ ပြန်ဆိုထားပြီး အခြေအနေနှင့် လိုက်ဖက်ညီအောင် ဆောင်ရွက်ထားရမည်။
- အခြေခံလိုအပ်ချက်များ၊ စားနပ်ရိက္ခာဖူလုံမှု၊ အမိုးအကာ၊ ကျန်းမာရေးနှင့် WASH(ရေပတ်ဝန်းကျင်၊တကိုယ်ရည်သန့်ရှင်းဆိုင်ရာစီမံကိန်းများ) စသည့် အဓိကကျသောအစီအစဉ်များတွင် အသေးစိတ်အစီအစဉ်ရေးဆွဲပြီး လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ အန္တရာယ်များကို လျှော့ချပါ။

၅။ လုပ်ငန်းတိုးတက်မှုကို ဤလုပ်ဆောင်ရမည့်စာရင်းနှင့်တိုက်ဆိုင်၍ နှစ်ပတ်တစ်ကြိမ် ပြန်လည်သုံးသပ်ပါ။

အရေးကြီးမှတ်ချက်။ ဤလုပ်ဆောင်ရမည့်စာရင်းသည်ကိုးကားနိုင်သည့် အမြန်ရည်ညွှန်းကဒ်ဖြစ်သည်။ ကွင်းဆင်းနှင့် ဝေးလံခေါင်သီသောဒေသများတွင် ကွင်းဆင်းဆောင်ရွက်နေသည့် စီမံကိန်းမန်နေဂျာများအတွက် အနည်းဆုံးလုပ်ဆောင်ရမည့်အချက်များဖြစ်သည်။ နိုင်ငံအဆင့်အစီအစဉ်များအတွက် နောက်ထပ် လမ်းညွှန်ချက်များကို IASC ကြားဖြတ်နည်းပညာမှတ်စုတွင် ဖတ်ရှုပါ။ နောက်ထပ်လိုအပ်သည့် အကူအညီ နှင့် လုပ်ဆောင်ရမည့်စာရင်းအား “မည်သို့လုပ်ဆောင်ရမည်” ကိုသိရှိလိုပါက ကျေးဇူးပြု၍ helpdesk-aap-psea@unhcr.org သို့ဆက်သွယ်ပါ။